# Highlights from DVB Debate's "How to save Movie Industry?" Show

## June 16, 2016

## "How to save Movie Industry?"

အခုရုပ်ရှင်လောကကိုကြည့်မယ်ဆိုရင် "ကြုံရေး၊ တွေ့ရိုက်" လုပ်နေကြတယ်။ မြန်မာ့ရုပ်ရှင်တိုးတက်ဖို့ဆိုရင် ရုပ်ရှင်လောကသား အားလုံးမှာတာဝန်ရှိတယ်။ နိုင်ငံတော်အစိုးရကလည်း ငွေကြေးထောက်ပံ့ပေးတာတို့၊ တိကျခိုင်မာတဲ့ ဥပဒေတွေ ပြဌာန်းဖို့လိုတယ်။

ဦးတင်မောင်ဝင်း -CEO (MAZE)

---

ရုပ်ရှင်လောက တိုးတက်ဖို့ဆိုရင် ဇာတ်ညွှန်းကောင်းဖို့အရေးကြီးဆုံးပဲ။ ဇာတ်ညွှန်းကောင်းဖို့ အချိန်လိုတယ်။ ဇာတ်ညွှန်းဆရာကို ပိုက်ဆံအများကြီးပေးဖို့လိုမယ်။ ခုဟာက ရှုတင်ရောက်မှ ဇာတ်ညွှန်းကျက်တာ အနုပညာရှင်အနေနဲ့ ကြိုးစားနေတာလားဆိုတာ မေးချင်တယ်။ အဓိက က စိတ်စေတနာရှိဖို့လိုတယ်။ တစ်ခါတစ်လေ အပြင်မှာ ဓားထိုးမှုတွေဖြစ်နေတာက ကျွန်တော်တို့ ရုပ်ရှင်ကြောင့်လားလို့တောင် တွေးမိတယ်။ producer တွေအနေနဲ့လည်း ရုပ်ရှင်မရိုက်ခင် မင်းသား၊ မင်းသမီး တွေနဲ့ရော ဒါရိုက်တာတွေနဲ့ပါ စာချုပ်ကို ခိုင်ခိုင်မာမာ အရင်ချုပ်သင့်တယ်။

ဝိုင်း - ဒါရိုက်တာ

---

ထုတ်လုပ်သူတွေအနေနဲ့လည်း အကောင်းဆုံးရိုက်ချင်တာပဲ။ ဇာတ်ညွှန်းကို ရိုက်ခါနီးတစ်ရက်အလိုမှရတာ ရှိတယ်။ အကောင်းဆုံးတော့ လုပ်ခဲ့တာချည်းပဲ။ တစ်ခါတစ်လေ အလျင်းသင့်သလို ရိုက်လိုက်ရတာလဲရှိတယ်။

မြင့်မြင့်ခိုင် - စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေး

---

ထုတ်လုပ်သူတွေက ဘယ်မင်းသားကို ဘယ်နသိန်းပေးပြီးရင် ဘယ်လောက်သူတို့အတွက် ကျန်မလဲပဲ တွက်နေတာ။ အခုဆိုရင် ဟိုးတုန်းကလို အနုပညာရှင်တွေမရှိတော့ဘူး။ ငွေနောက်ပဲ လိုက်နေကြတယ်။ အစိုးရဆီက အထောက်အပံ့လို့ပြောရင် အခုက မြေတောင်းပြီး အပင်စိုက်နေတာနဲ့ပဲ ပြီးနေတယ်။ အခုဆို ဇာတ်ညွှန်းက အများကြီးမလိုဘူး။ ဖေ့စ်ဘွတ်ခ်မှာ ဖြစ်တာ ကောက်ရိုက်လိုက်ရုံပဲ။

Steel - ဒွေးမေတ္တာ(ထုတ်လုပ်ရေးမန်နေဂျာ)

---

မြန်မာ့ရုပ်ရှင်တိုးတက်ဖို့ အရေးကြီးဆုံးတစ်ချက်ပဲလိုတယ်။ အဲဒါက ကိုယ်နဲ့ဆိုင်တဲ့ ကဏ္ဍမှာ professional ဖြစ်ဖို့ပဲ။ အခုက professional လဲ မဖြစ်ကြဘူး။ professional ဖြစ်ဖို့ အတွက် လေ့လာမှုတွေများကြီးလုပ်ရ

တယ်။ ပြီးတော့ ရုပ်ရှင်မှာ ဒါရိုက်တာက အခရာပဲ။ မေးခွန်းတစ်ခုမေးချင်တာက ဒါရိုက်တာတွေက မင်းသား၊ မင်းသမီးတွေ အပေါ် ဘယ်လောက်လွှမ်းမိုးမှုရှိလဲဆိုတာပဲ။

ဦးဟင်နရီ

---

ဗွီဒီယို၊ ရုပ်ရှင်ကို ကြည့်တာ ကျေးလက်ဒေသက လူတွေအများစုပဲ။ မြန်မာ့ရုပ်ရှင်က ပညာပေးရင် တလွဲတွေချည်းပဲ။ ပရိတ်သတ်တွေအတွက် အဆိပ်အတောက်တောင်ဖြစ်စေတယ်။ ဥပမာ အခြောက်တွေကို ရုပ်ရှင်ထဲမှာဆို အရမ်းနှိမ်တာမျိုး ရိုက်ပြတာက လွဲနေတာ။

လပြည့်ကို - Yangon Film School

---

မြန်မာ့ရုပ်ရှင် အဆင့်မြှင့်တင်ဖို့ ရုပ်ရှင်လောကသားများအားလုံး Mindset အရင်ပြင်ရမယ်။

ဒါရိုက်တာဇေဒါ